**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**တိုင်းရင်းဆေးပညာဦးစီးဌာန**

စာအမှတ်၊ တဆပ / ဆဝ / ၂၀၁၉( ၅၇၉၀ )
ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်

သို့

တိုင်းဒေသကြီးဦးစီးဌာနမှူး
တိုင်းရင်းဆေးပညာဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး

အကြောင်းအရာ။ **တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်ကတ်ပြားများ ပေးပို့ခြင်း**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့် လိုင်စင်ကတ်ပြားများအား သက်ဆိုင်ရာတိုင်းဒေသကြီးဦးစီးဌာနမှူးရုံးတွင် ထုတ်ပေးနိုင်ပါရန် အတွက် အောက်ဖော်ပြပါအတိုင်း လွှဲပြောင်းပေးပို့ပါသည် -

(က) တိုင်းရင်းဆေးဝါးမှတ်ပုံတင် (သက်တမ်းတိုး) - (၁၂)စောင်
( ခ ) အထွေထွေခွင့်ပြု - (၂) စောင်

၂။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် သက်ဆိုင်ရာဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းရှင်များသို့ ဆက်လက်အကြောင်းကြားဆောင်ရွက်ရန်၊ (၃) လအတွင်း လာရောက်ထုတ်ယူရန်အတွက် ခွင့်ပြု ကြော်ငြာစာထုတ်ပြန်ရန်နှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား ပြန်လည်တင်ပြရန်၊ သတ်မှတ်ကာလ အတွင်း ထုတ်ယူခြင်းမရှိပါက လုပ်ငန်းရှင်ထံသို့ ထပ်မံ၍ သတိပေးစာထုတ်ပြန်ရန် အကြောင်းကြား ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ဒေါက်တာမြင့်မြင့်သန်း၊ ညွှန်ကြားရေးမှူး(ဆေးဝါး/ဥယျာဉ်))

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊တိုင်းရင်းဆေးပညာဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ်၊တိုင်းရင်းဆေးပညာဦးစီးဌာန
ကြော်ငြာသင်ပုန်း/ရုံးလက်ခံ/မျှောစာတွဲ